## ဝဏ္ဏကျော်ထင် ဒေါက်တာထွန်းရှင်၏ အမှာစာ

ဥပဒေပညာသည် လက်တွေ့ဆန်သော ပညာရပ်ဖြစ်ပါသည်။ အချို့ ဥပဒေများသည် စာတွေ့ဆန်သကဲ့သို့ အချို့ဥပဒေများသည် စာတွေ့နှင့် လက်တွေ့ (Law and Practice) ဒွန်တွဲနေပါသည်။ ဒွန်တွဲနေသော ဥပဒေများကို ပြဌာန်းရုံနှင့်မပြီး၊ လက်တွေ့အကောင်အထည်ဖော်ဖို့ အားကောင်းရန်လိုသည်။ အားနည်းပါက ဥပဒေအာနိသင် အားနည်းသွားတတ်ပါသည်။ မိမိသည် လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ကျော်က အင်္ဂလန်နိုင်ငံတွင် (International Law and Business Law) သင်ကြားခဲ့ပြီးလျှင် ဘယ်လ်ဂျီယံ၌ ဤဘာသာရပ်တို့နှင့်ပင် ဥပဒေပါရဂူဘွဲ့ ရယူခဲ့ပါသည်။ ထိုသို့ ဥပဒေပါရဂူဘွဲ့အတွက် စာတမ်းရေးသားပြုစုစဉ် ကြီးကြပ်သူ ဆရာကြီး (PROFESSOR Dr. E. R. C. VAN BOGAERT) ၏ ပြောသော စကားကို သတိရမိပါသည်။ ဆရာကြီးက ဥပဒေပညာကို လေ့လာရာမှာ စာတွေ့ဥပဒေနှင့် စာတွေ့၊ လက်တွေ့ ဒွန်တွဲနေသော ဥပဒေများ ရှိတယ်။ စာတွေ့နဲ့ လက်တွေ့ ဒွန်တွဲနေသော ဥပဒေများကို လေ့လာလျှင် ဥပဒေပြဌာန်းချက်များကို လေ့လာရုံနှင့်မပြီး၊ လက်တွေ့ကိုပါ ကျွမ်းကျင်မှသာ ဥပဒေပညာရှင်ကောင်း ဖြစ်လာမယ်ဟု ညွှန်ကြားဖူးပါသည်။ ယခုကဲ့သို့ နှစ်ပေါင်းများစွာ ကြာလာသောအခါ စာတွေ့နှင့် လက်တွေ့ ကျွမ်းကျင်မှုကို သင်ကြားပေးခဲ့သော ဆရာကြီး၏ ပညာရှိစကား မှန်ကန်ကြောင်းကို မျက်ဝါးထင်ထင် တွေ့မြင်လာပါသည်။

စာတွေ့နှင့် လက်တွေ့ ဒွန်တွဲသော ဥပဒေများတွင် စီးပွားရေး လုပ်ငန်းဥပဒေ (Business Law) ပါဝင်ပါသည်။ စာရေးသူ ဦးကျော်ဇေယျ ရေးသားပြုစုသော "ကုမ္ပဏီများဖျက်သိမ်းခြင်းအကြောင်း သိကောင်းစရာများ" စာအုပ်သည် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၂၀၁၇ ၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ ကုမ္ပဏီတည်ထောင်ခြင်းမှာ အရေးကြီးသကဲ့သို့ ကုမ္ပဏီဖျက်သိမ်းခြင်းသည်လည်း လွန်စွာမှ အရေးကြီးပါသည်။

စီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေဖြစ်၍ ဥပဒေပညာရှင်များ ထိတွေ့မှု နည်းသည့် ဥပဒေတစ်ရပ် ဖြစ်ပါသည်။ ဤဥပဒေသည် အတိမ်းအစောင်းမခံ၊ လက်တွေ့ဆန်ပြီး လက်တွေ့ပိုင်း အားနည်းပါက မှားယွင်းမှုများကို လွယ်ကူစွာ ဖြစ်စေနိုင်ပါသည်။ မှားယွင်းမှုကို ကုစားရန်မှာ အလွန်ခက်ခဲ၍ နစ်နာမှု ကြီးမားနိုင်ပါသည်။ လက်တွေ့ဆန်သော ဥပဒေဖြစ်၍ ထိလွယ် ရှလွယ်သော ဥပဒေလည်း ဖြစ်ပါသည်။

တစ်ဖန် ကုမ္ပဏီဥပဒေသည် စီးပွားရေးလုပ်ငန်း၌ အဓိကကျသော ဥပဒေတစ်ခုဖြစ်သည့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ကို လေ့လာရာတွင် ခက်ခဲသော ဥပဒေဖြစ်ကြောင်း တွေ့ရသည်။ ခက်ခဲသော ဥပဒေ၏ အခက်ခဲဆုံးသော အပိုင်းမှာ ကုမ္ပဏီဖျက်သိမ်းခြင်းပင် ဖြစ်ပါသည်။ စာရေးသူ ဦးကျော်ဇေယျမှ ခက်ခဲသော ဥပဒေ၏ အခက်ခဲဆုံးသော အပိုင်းကို စာတွေ့ လက်တွေ့ ယှဉ်၍ မိမိ၏ ကိုယ်တွေ့အတွေ့အကြုံဖြင့်လည်းကောင်း၊ ဤဘာသာရပ် ကျွမ်းကျင်သူများ၏ အတွေ့အကြုံများဖြင့်လည်းကောင်း၊ ဥပဒေပညာရှင် မဟုတ်သော်လည်း ဤဘာသာရပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေသူများတို့၏ အတွေ့အကြုံများအပေါ် အခြေခံ၍ ဤစာအုပ်ကို ပြုစုထားကြောင်း လေ့လာတွေ့ရှိရပါသည်။ စာဖတ်သူတို့ကို များစွာအကျိုးပြုမည်ဟု ယုံကြည်ပါသည်။

ဈေးကွက်စီးပွားရေးစနစ်တွင် ကုမ္ပဏီထူထောင်လိုသူ များစွာ ရှိကြပါသည်။ ကုမ္ပဏီတည်ထောင်ပြီး အဆင်မပြေသောအခါ ကုမ္ပဏီကို ဖျက်သိမ်းရမည် ဖြစ်ပါသည်။ သို့သော် ဖျက်သိမ်းသောအခါ ဥပဒေနှင့် အညီသာ ဖျက်သိမ်းသင့်ပါသည်။ ကုမ္ပဏီဖျက်သိမ်းခြင်းကို ကျွမ်းကျင်သည့်သူများလည်း ရှားပါးလှပါသည်။ ကုမ္ပဏီဖျက်သိမ်းခြင်းမှာ ပညာရပ်တစ်ခုဖြစ်ပြီး ကျွမ်းကျင်ရန် လိုအပ်ပါသည်။ စာရေးသူ ဦးကျော်ဇေယျသည် ကုမ္ပဏီဖျက်သိမ်းရာ၌ ကိုယ်တိုင်ဖျက်သိမ်းရေးအရာရှိ (Liquidator) အဖြစ် ဆောင်ရွက်ခဲ့သူလည်း ဖြစ်ပါသည်။

ဤစာအုပ်သည် ကုမ္ပဏီဖျက်သိမ်းခြင်း၏ နိဒါန်း သို့မဟုတ် အခြေခံသာ ဖြစ်ပါသည်။ ဥပဒေကို ရှာဖွေရန် လမ်းပြသော လမ်းပြမြေပုံသာ ဖြစ်သည်။ စာဖတ်သူသည် ဤပညာကို ကျွမ်းကျင်ရန် ဆက်လက်လေ့လာသင့်ပါသည်။

ဥပဒေပညာတွင် ဆိုရိုးစကားရှိသည်။ ဥပဒေပညာရှင်သည် ဥပဒေအားလုံးကို သိကျွမ်းတတ်မြောက်သူ မဟုတ်၊ ဥပဒေ မည်သည့်နေရာတွင် ရှိသည်ကို သိသောသူသာဖြစ်သည် (He does not know the law but knows where to find the law) ဟူ၍ ဖြစ်ပါသည်။ ဤစာအုပ်ငယ်သည် ဤဆိုရိုးစကားနှင့်အညီ ပြုစုထားကြောင်း တွေ့ရှိရပါသည်။ စာဖတ်သူများသည် စာအုပ်ကို ဖတ်ရှုခြင်းဖြင့် စီးပွားရေးလုပ်ငန်း ဥပဒေကို ဆက်လက်လေ့လာရန် ဆန္ဒများ ပေါ်လာစေကြောင်း ဆုမွန်တောင်းလျက်---။

ဝဏ္ဏကျော်ထင် ဒေါက်တာထွန်းရှင်
ပြည်ထောင်စုရှေ့နေချုပ် (ငြိမ်း)